
အောင်မြင်စာပေ
ဂ န္ဓီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်
တြိပဏ
၂
မိစ္ဆာစက်ကွင်းသေမင်းနယ်

(ဒဿနလက်ဆောင်)

*အလုပ်ကို စတင်လုပ်ဖို့ သာ ကြိုးစားပါ။
စတင်လုပ်သည် နှင့် မည်သို့မည်ပုံ အဆုံးသတ်မည်က
တော့ အလိုလို ရှိပါသည် ။

*ယုံကြည်ကိုးစားခံရမှု ပျောက်သွားပြီး
ဂုဏ်သိက္ခာမရှိသောအလုပ်ကို လုပ်ခြင်းသည်
အသက်ရှင်လျက် သေဆုံးနေသူတို့ ၏
အလုပ်သာဖြစ်သည် ။

*တစ်ဖက်သားကို မစ္ဆရိယစိတ်နှင့်
ရန်ငြိုးထားခြင်းသည်
ထိုမီးက အခြားသူကို မလောင်ခင်မှာ
မိမိကိုယ်ကို အရင်လောင်လေ့ရှိသည် ။

*ရှုံးနိမ့်မှုနှင့် အောင်မြင်မှုတို့ အကြား
ခြားနားချက်မှာ ...
အလုပ်တစ်ခုကို မှန်ကန်လုနီးပါး လုပ်နိုင်ခြင်းနှင့်
တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်းပင် ဖြစ်ပေသည် ။

*ပင်လယ်ရေလှိုင်း၏ အမြင်က

သူသည် ကျောက်ဆောင်ကို တိုက်ခိုက်နေသည် ဟု

ထင်နေသည် ။

ကျောက်ဆောင်ကတော့

ရေလှိုင်းများက သူ့ကို လာရောက်ခစားနေသည် ဟု

ထင်တတ်ပေသည် ။

*သင်သည် ငွေရအောင်ရှာဖွေသော

ပညာများကိုသာ သင်ယူရပါမည်။

ငွေသုံးသောပညာကတော့ သင်ယူစရာ မလိုပေ။

ပတ်ဝန်းကျင်က သင်ပေးပါလိမ့်မည်။

*လောကတွင် လရောင်ကြိုက်သောပန်းထက်

နေရောင်ကြိုက်သောပန်းက

ပို၍ တာရှည်ခံသည် ။

ဘဝကြမ်းတမ်းမှုများ သည်

ခံနိုင်ရည်ရှိမှုကို ဖြစ်စေပါသည် ။

*သူတစ်ပါး ဖောက်သောလမ်းကို

လျှောက်ချင်သူသည်

သက်သာသည် မှန်သော်လည်း
အသီးအပွင့်တော့ ရနိုင်မည်မဟုတ်ပေ။

*ငွေကို တန်ဖိုးမထားသောအခါ
ငွေကလည်း သင့်ကို ခင်တွယ်မည်မဟုတ်ပေ။
အချစ်ကို တန်ဖိုးမထားသောအခါ
စစ်မှန်သော ချစ်ခြင်းမေတ္တာကို ရမည်မဟုတ်ပေ။
ကတိသစ္စာကို တန်ဖိုးမထားလျှင်တော့
ဘဝတစ်ခုလုံး အဖတ်ဆယ်မရအောင် ပျက်စီးသွားပေ
လိမ့်မည်။

*အမြင့်သို့ ရောက်လိုလျှင်
အခြားသူထံမှ လှေခါးငှားရန် စိတ်မကူးပါနှင့် ။
အဘယ့်ကြောင့် ဆိုသော်
အခြားသူများ လည်း ထိုလှေခါးကို အသုံးပြုနေသော
ကြောင့် ပင် ဖြစ်၏။

*အချစ်သည် ဘဝကို ဖျက်ဆီးသောအရာ မဟုတ်ပါ။
ရှုံးနိမ့်ခြင်းများ သည် လည်း
ဘဝကို ဖျက်ဆီးသည့် အရာများ မဟုတ်ကြပါ။

တကယ် ဘဝကို ဖျက်ဆီးနိုင်သောအရာမှာ

စိတ်ဓာတ်ပင်ဖြစ်သည် ။

*လောကကြီးအတွင်းမှာ

သင်ယူစရာတွေ အများကြီးရှိပါသည် ။

ယခုအချိန်အထိ ဘာမှ မရသေးဘူးဆိုလျှင်တော့

သင့်အပြစ်သာ ဖြစ်ပါလိမ့်မည်။

*

(စာရေးသူ၏ ကြိုတင်ပန်ကြားချက်) ဤဝတ္ထုကို
ရေးသားရာ၌ စာရေးသူအမြင်ဖြင့် ရေး သားခဲ့ရာ ' ကျွန်ုပ် '
ဟု နာမ်စားအသုံးပြုထားသူမှာ စာရေးသူ မဟုတ်ဘဲ
ကျွန်ုပ်တို့ ဇာတ်လိုက်ကျော်ကြီး 'ဒေါက်တာမင်းထင် ကျော်'
ပင်ဖြစ်ကြောင်း ကြိုတင်သိစေအပ်သည် ။

(စာရေးသူ)

*

# နိဒါန်း

တကယ်တမ်း ပြန်ပြောရမည်ဆိုပါက ကျွန်ုပ်တို့ တွေ့ ကြုံခဲ့ရသည့်

အဖြစ်အပျက်များ သည် သေမင်းခံတွင်းသို့ ရောက် သွားပြီးမှ သေမင်းခံတွင်းဝမှ ကံအားလျော်စွာ ပြန်ထွက်နိုင်ခဲ့ကြ သည် ဆိုလျှင်ကြားရသူများ အဖို့ တအံ့တသြ ရှိကြပေမည်။

ကျွန်ုပ်အပါအဝင် အဖွဲ့သားအတော်များများမှာ သေ မင်းခံတွင်းထဲသို့ ရောက်သွားပြီးကာမှ ကျွန်ုပ်အပါအဝင် လူ အနည်းငယ်သာ လူ့လောကအတွင်းသို့ ပြန်လည်ရောက်လာ နိုင်ခဲ့ကြသည် ။

ကျွန်ုပ်တို့ အဖွဲ့သားများ အပါအဝင် မန်စေခွန် ရွာသူ ရွာသား အတော်များများမှာ မရဏခံတွင်းထဲသို့ သက်ဆင်းသွား ခဲ့ကြပြီးနောက် လူ့လောကမှ အပြီးတိုင် ထွက်ခွာသွားခဲ့ကြ သည် ။

မှတ်မှတ်ရရ (၁၉၄၄)ခု၊ မတ်လ(၁၃)ရက်နေ့တွင် ကြုံ တွေ့ခဲ့ရသည့် ထိုအဖြစ်ဆိုးကြီးကို မည်သူမျှ မမေ့နိုင်ကြတော့ ပေ။

တိဘက်နယ်သူနယ်သားများ သည် ကျွန်ုပ်တို့ အပါအဝင် မန်စေခွန် ရွာသူရွာသားများ ၏ အသက်ပေါင်းများ စွာတို့ ကို နှုတ် ယူသွားခဲ့သော မရဏမီးတောင်အကြောင်းကို အမြဲတစေ အမှတ်ရနေသည် မှာ မလွဲပေ ။

တိဘက်နယ်သူနယ်သားများက မရဏမီးတောင်ဟု အမည်ပေးထားသော မောရိယမီးတောင် ပေါက်ကွဲစဉ်က ချော် ရည်ပူများ အောက်ဝယ် လူပေါင်းများ စွာ ရောက်ရှိခဲ့ပြီး မရှုမလှ အသက်ဆုံးရှုံးကြရလေသည် ။

ကျွန်ုပ်တို့ အဖွဲ့ တာဝန်ယူသယ်ဆောင်လာခဲ့သော တန်ဖိုးများ စွာထိုက်တန်သည့် ရွှေချောင်းသေတ္တာ၊ ငွေချောင်း သေတ္တာများ လည်း မီးတောင်ချော်ရည်များ အောက်သို့ နစ်မြုပ် ပျောက်ကွယ်သွားခဲ့ကြလေတော့သည် ။

ကျွန်ုပ်ဘဝတစ်သက်တာတွင် ထိတ်လန့်ကြောက်ရွံ့ ဖွယ်ရာကောင်းသော ဝိညာဉ်နှင့် ပတ်သက်သည့် အံ့သြဖွယ်ရာ ကောင်းလှသော ဖြစ်ရပ်ဆန်းများမှာ ပြောမယုံ ကြုံဖူးမှ သိ ဆို သလို ကိုယ်တွေ့ကြုံမှ သာ ယုံနိုင်လောက်သောဖြစ်ရပ်များ ပါပေ တည်း။

ထိုဖြစ်ရပ်များကို ကိုယ်တွေ့ကြုံရသူမှာ ကျွန်ုပ်ဖြစ်ပြီး ယခုအခါ ထိုအကြောင်းများကို ပြန်ပြောနိုင်သူမှာ လည်း ကျွန်ုပ် ပင်ဖြစ်ပေသည် ။

ထို့ကြောင့် မရဏမီးတောင်နှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်အကြောင်းများအား ပြန်လည်ပြောပြရမည်ဆိုလျှင်

ထိုနေ့က...

မှတ်မှတ်ရရ...

တိဘက်နယ်တစ်နယ်လုံး နှင်းမှုန်နှင်းစက်များ ပိတ်ဆီး အောင် ကျနေသည့် အချိန်ဖြစ်ပါသည် ။

ထိုအဖြစ်အပျက်များကို ကြုံတွေ့ခဲ့ရသူမှာ ဒေါက်တာ မင်းထင်ကျော်ပင် ဖြစ်ပေသည် ။

*



## အခန်း(၁)
## အထူးတာဝန်နှင့် သေမင်းခံတွင်းသို့ ခရီးအစ

အချိန်မှာ (၁၉၄၄)ခုနှစ် ပတ်ဝန်းကျင်တစ်ဝိုက် ဖြစ်ပေ သည် ။ ဒုတိယကမ္ဘာစစ်မီးက ကမ္ဘာအရပ်ရပ်သို့ ကူးစက်ပျံ့နှံ့ လျက် ရှိပေရာ အာရှတိုက်တစ်ဝန်းမှာ လည်း စစ်မီးလျှံများ တောက်လောင်လျက်ရှိနေသော အချိန်ပင် ဖြစ်၏။

ထိုအချိန်က ကျွန်ုပ်သည် အိန္ဒိယနယ်ဘက်တွင် အခြေ စိုက်နေသော အင်္ဂလိပ်စစ်တပ်တစ်တပ်တွင် ဆာဂျင်ဘဝဖြင့် အမှုထမ်းနေရချိန်ဖြစ်သည် ။

အင်္ဂလိပ်စစ်တပ်တွင် အမှုထမ်းနေသူများ ထဲမှာ ကျွန်ုပ် ကဲ့သို့ မြန်မာလူမျိုးများ စွာ ပါဝင်လေရာ ထိုအထဲတွင် ကျွန်ုပ်နှင့် လွန်စွာခင်မင်ရင်းနှီးသော (R.S.M) ဦးဗန်ကောင်းလည်း ပါဝင် လေသည် ။

ဦးဗန်ကောင်းသည် ကျွန်ုပ်ထက် အသက်အနည်းငယ် ကြီးပြီး စစ်မှုထမ်းသက်နှင့် အတွေ့အကြုံလည်း ပိုမိုများ ပြားသူ ဖြစ်သည် ။

ဦးဗန်ကောင်းသည် စစ်မှုထမ်းသက် ကြာပြီဖြစ်သည် နှင့် အညီ တိုက်ပွဲပေါင်းများ စွာတို့ ကိုလည်း ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့သူ ဖြစ်ရာ ဦးဗန်ကောင်း၏ အမည်မှာ အင်္ဂလိပ်စစ်တပ်အရာရှိများ လောကမှာ မသိသူ မရှိသလောက် ထင်ရှားသူဖြစ်ပေသည် ။

အာအက်(စ)အမ်(R.S.M) ဟူသော ဝေါဟာရမှာ ''ရီးဂျင်မင်းဆာဂျင်မေဂျာ'' ဟူသော အဓိပ္ပာယ်ရလေသည် ။ ခြေလျင်တပ်ရင်း၏ ဆာဂျင်(

တပ်ကြပ်ကြီး)များ ၏ အကြီးအမှူးဟု အဓိပ္ပာယ်ရလေသည် ။

ခြေလျင်တပ်ရင်းတွင် တပ်ကြပ်ကြီးများ သာမက အရာ ရှိ မဟုတ် သူများကိုပါ အုပ်ချုပ်ရသဖြင့် လူပေါင်း(၇၀၀)ကျော်ကို ကွပ်ကဲအုပ်ချုပ် ရလေသည် ။

ကျွန်ုပ်တို့ တာဝန်ကျသော စစ်တပ်တွင် နိုင်ငံပေါင်းစုံမှ လူအတော်များများ ပါဝင်သဖြင့် (R.S.M)ဦးဗန်ကောင်း သတ် မှတ်ထား သော စစ်စည်းကမ်းအတိုင်း တိတိကျကျ အုပ်ချုပ် သော်လည်း ကျွန်ုပ် အပါအဝင် မြန်မာလူမျိုး အမှုထမ်းများကို တော့ မြန်မာလူမျိုး ဟူသောစိ တ်ဖြင့် သက်သာသောတာဝန်များ ကို ပေးအပ်လေ့ရှိသည် ။

တစ်နေ့သောအခါ ကျွန်ုပ်က ဦးဗန်ကောင်းအား...

''ကျွန်တော် မြန်မာပြည်က ထွက်လာခဲ့တာ အတော် ကြာပြီဆိုတော့ တစ်ခေါက်လောက် ပြန်ချင်တယ်၊ အဲဒါ ဦးဗန် ကောင်းအနေနဲ့ စီစဉ်ပေး နိုင်ရင် စီစဉ်ပေးပါ''

ဟု ပြောသောအခါ ဦးဗန်ကောင်းက...

''ကျုပ် အခုရက်ပိုင်းအတွင်းမှာ မြန်မာပြည်ကို သွားစရာ ရှိတယ်၊ အ ရေးကြီးတဲ့ တာဝန်တစ်ခု ဆောင်ရွက်ရမှာ ဆိုတော့ တခြားလူပိုလူလျှံ တွေတော့ မခေါ်တော့ဘူး၊ မောင်ရင် လိုက်ချင် သပ ဆိုရင်တော့ ကျုပ် တပ်ရင်းမှူးကြီးကို အကျိုးအကြောင်း ပြော ပြပြီး ခေါ်သွားပါ့မယ်''

ဟု ပြောသည် ။

''ဘာတာဝန်လဲ...စစ်ရေးတာဝန်လား''

''အခုထိတော့ ကျုပ်လည်း တိတိကျကျ မသိရသေးဘူး၊ ဒါပေမယ့် အရေးကြီးတဲ့ တာဝန်တစ်ခုတော့ ဖြစ်မယ်ထင်တယ်''

''ဘာပဲဖြစ်ဖြစ် မြန်မာပြည်ကို ပြန်ရရင် ကျေနပ်ပြီ၊ ဦးဗန်ကောင်း တပ်ရင်းမှူးကြီးကိုသာ ရအောင်ပြောပေးပါ''

ဟု အပူကပ်လိုက်ရာ ဦးဗန်ကောင်းက စီအိုကြီးဟု ခေါ် သော အမိန့်ပေး အခွင့်အာဏာရ အရာရှိ(တပ်ရင်းမှူး)ထံ သူ ကိုယ်တိုင် လိုက်လံပြောဆိုပြီး ခွင့်တောင်းလေသည်။

တပ်ရင်းမှူးက အိန္ဒိယ-မြန်မာ ခရီးသွားလာရမည့် ရက် မပါ သာမန်ခွင့်တစ်လသာ ပေးသည်။

ထိုအခါ ဦးဗန်ကောင်းက တပ်ရင်းမှူးအား မြန်မာပြည် သို့ ပြန်ရန်ကိစ္စမှာ သာမန်ခွင့်တစ်လဖြင့် လုံလောက်မှု မရှိ ကြောင်း၊ ခြေလျင်တပ်ရင်း လုပ်ထုံးလုပ်နည်း အပိုဒ်(၄) တပ်မှူး များ ၏ အခွင့်အာဏာတွင် အထူးခွင့်အဖြစ် စစ်သည် ကျေနပ်နိုင် လောက်သည် အထိ ခွင့်ရက်ရှည်ပေးနိုင်ကြောင်း ''တပ်မှူးများ က ခွင့်ပြုနိုင်သည် '' ဟူသောအပိုဒ်ကို အင်္ဂလိပ်လို နှုတ်တိုက် အလွတ်ရွတ်ပြပြီး တပ်မှူးအနေနှင့် ဤဆာဂျင်ကို လိုအပ်သော ခွင့်ရက်ကို ပေးသင့်ကြောင်း အလွန်ကောင်းသော လေယူ လေသိမ်းဖြင့် ပြောပြလေရာ စီအို(တပ်ရင်းမှူး)ကြီးက များ စွာ သဘောကျသဖြင့် အောက်ပါအတိုင်း ပြန်ပြောလေသည်။

''မစ္စတာဗန်ကောင်း…လုပ်ထုံးလုပ်နည်းနဲ့ ညွှန်ကြား ချက်တွေကို မှတ်တမ်းတစ်ခုလို သင်၏ ဦးခေါင်းထဲမှာ သိမ်းထား ပေးနိုင်တာ ဂုဏ်ယူပါတယ်၊ ဒါကြောင့် ဆာဂျင်မင်းထင်ကျော်ကို သင့်တော်သလောက် ခွင့်ပေးပါ၊ ကျွန်ုပ်က ခွင့်ပြုပါတယ်၊ သင် ဟာ ကျွန်ုပ်တို့ အင်္ဂလိပ်လူမျိုးသာ ဖြစ်ရင် အကောင်းဆုံး စစ် ခေါင်းဆောင်တစ်ယောက် ဖြစ်လာနိုင်တယ်''

ဟု ချီးမွမ်းပြောဆိုရင်း ခွင့်ပေးရာ ကျွန်ုပ်မှာ ဦးဗန် ကောင်း၏ ကော

င်းမှုကြောင့် ခွင့်ရက်ရှည်ဖြင့် မြန်မာပြည်သို့ လိုက်ခွင့်ရလေတော့သည် ။

ကျွန်ုပ်မှာ မရောက်တာကြာပြီဖြစ်သော အမိမြေသို့ ပြန်ရတော့မည်ဖြစ်သောကြောင့် များ စွာဝမ်းမြောက်ပျော်ရွှင်နေမိ တော့သည် ။

ခရီးထွက်ရန် နီးသောအခါ ကျွန်ုပ်ကဲ့သို့ လိုက်ပါခွင့် ရသူများကို အမိုးအကာ မလုံလှသော ဂိုဒေါင်ဟောင်းတစ်လုံးထဲ မှာ စုဝေးနေထိုင်ကြရသည် ။

နွေရာသီပင်ဖြစ်သော်လည်း တိဗက်တောင်တန်းများ ပေါ်မှာ တော့ နှင်းများက ပိန်းပိတ်အောင် ကျဆင်းလျက်ရှိသည် ။

လေနှင့် အတူ ပါလာသော နှင်းမှုန်နှင်းစက်များကြောင့် အရိုးကွဲလုမတတ် အသည်းခိုက်အောင် ချမ်းလှသော်လည်း ကိုယ့်နိုင်ငံကို ပြန်ရတော့မည်ဟူသောအသိက ရင်ထဲမှာ နွေး ထွေးလျက်ရှိနေသည် ။

ထိုအချိန်က နှင်းမှုန်နှင်းစက်များကြားမှာ ပျော်နေသော ကျွန်ုပ်တို့ အဖြစ်မှာ ကိုယ့်နိုင်ငံသို့ အပြန်ခရီးမျိုး မဟုတ်ဘဲ အန္တရာယ် ခံတွင်းဝသို့ ဦးတည်နေသောခရီးမျိုးဖြစ်မှန်း ထိုအချိန် ကသာ ကြိုတင်သိခဲ့ရလျှင် ယခုကဲ့သို့ ပျော်ရွှင်နိုင်လိမ့်မည် မဟုတ်ပေ။

ကျွန်ုပ်တို့ အတွက် ပေးထားသောအခန်းမှာ ယာယီ အသုံးပြုရန် ဆောက်ထားသော ဂိုဒေါင်တစ်လုံးဖြစ်ကာ သစ် သားနံရံပေါက်နှင့် အမိုးပေါက်များကြားမှ နှင်းခဲများ အဆုပ် လိုက် တိုးဝင်လျက်ရှိပါသည် ။ အနွေးထည်များ ဝတ်ထားသည့် အပြင် အပေါ်မှ စောင်များ ထပ်ပတ်ထားသည့် ကြားမှ ပင် အရိုး ခိုက်လောက်အောင် အေးမြလှသည် ။

ကျွန်ုပ်တို့ ရောက်နေသောဒေသမှာ မြန်မာနိုင်ငံ မြောက်ဘက်ဖျားန ယ်စပ်တွင် ရှိသော တိဘက်နယ်ထဲတွင် ဖြစ် သည် ။

တိဘက်သည် ''ကမ္ဘာ့အမြင့်ဆုံးတောင်တန်းများ စုဝေး တည်ရှိရာဒေသ'' ဟု ခေါ်ရလောက်အောင် ပေပေါင်းငါးထောင် ကျော်နှင့် ပေတစ်သောင်းကျော်အထက် မြင့်မားသော တောင် တန်းကြီးများ ဝန်းရံထားသောနေရာ ဖြစ်ပေရာ အချို့က ကမ္ဘာ့ ခေါင်မိုးပေါက်နေရာဟု ပင် တင်စားပြောဆိုကြသည် ။

ပထဝီအနေအထားအရ တိဘက်မှာ မြောက်ဘက်၌ တရုတ်ပြည်၊ တောင်ဘက်၌ အိန္ဒိယနှင့် နီပေါနိုင်ငံတို့ အကြား တည်ရှိသည့် ကုန်းပြင်မြင့်ကြီးဖြစ်ပြီး ပင်လယ်ရေပြင်အထက် ပေ(၆၀၀၀)အောက် နိမ့်သောနေရာဟူ၍ အလွန်ပင် နည်းလှ သည် ။

တောင်ဘက်နယ်နိမိတ်မှာ ဧဝရတ်တောင်ထိပ်အပါ အဝင် ဟိမဝန္တာတောင်တန်းကြီးက ပိတ်ဆို့ထားပြီး မြောက်ဘက် ၌ မူ ခွန်လွန်တောင်တန်းကြီးက တရုတ်ပြည်မကြီးနှင့် ပိုင်းခြား လျက်ရှိသည် ။

မြေပြင်အနေအထားကလည်း မတ်စောက်နက်ရှိုင်းလှ သောလျှိုမြောင်ကြီးများ နှင့် မြစ်ချောင်းများ ၊ မီးတောင်များ ပေါ များ လှပြီး မြင့်မားလှသော ကျောက်တောင်ခေါင်းတုံးကြီးများက အထပ်ထပ် တည်ရှိနေသည် ။

တိဘက်အရှေ့ဘက်ခြမ်းမှာ စိုက်ပျိုးနိုင်သဖြင့် လူနေ အနည်းငယ်များ ပြီး အနောက်နှင့် မြောက်ဘက်ခြမ်းမှာ မူ တောင်ထူထပ်၍ အပင်မပေါက်နိုင်သော ကျောက်သားမြေများ သာ ဖြစ်၏။ လမ်းပန်းဆက်သွယ်ရေးမှာ လည်း ကျောက်ခင်းလမ်း အနည်းငယ်သာ ရှိသည် ။

ထိုဒေသသို့ ပေါက်သော အဓိကလမ်းနှစ်သွယ်ရှိသည် ။

တစ်လမ်းမှာ မြောက်ဘက် ခွန်လွန်တောင်ကြောလမ်း ဖြစ်ပြီး ကုန်သည် များ အသုံးပြုသောလမ်းဖြစ်သည် ။

နောက်တစ်လမ်းမှာ တောင်ဘက်မှ ဟိမဝန္တာတောင် ကြောလမ်းဖြစ်ပြီး ဘာသာရေး ဘုရားဖူးများ အသုံးပြုလေ့ ရှိသည် ။ ထိုလမ်းမှ သွားလျှင် ဘာသာရေးအရ အထွတ်အမြတ် ထားကြသော ဇေရတ်တောင်ကြော မနုသရောမ ကန်တော်၊ ကောသလတောင်တော် စသည် တို့ မှ တစ်ဆင့် တရုတ်ဂန္ဓာရီ ပင်မဒေသကြီးဖြစ်သော ခွန်လွန်တောင်ကြောအထိ ရောက်နိုင် ပေသည် ။

တိဘက်တောင်ကုန်းဒေသများကို အပေါ်စီးမှ ကြည့် လျှင် ဖွေးဖွေး လှုပ်မှု ရေခဲပြင်များ ဖုံးလွှမ်းလျက်ရှိသော ဟိမဝန္တာ တောင်ကြော၊ ကမ္ဘာ့ခေါင်မိုးထိပ်ဟု တင်စားခေါ်ဝေါ်ကြသည့် ဇေရတ်တောင်ထိပ်အပါအဝင် ကျောက်ခေါင်းတုံးတောင် အစွန်းအစများကို ထိုးထိုးထောင်ထောင် တွေ့ရမည်သာဖြစ် သည် ။

ကျွန်ုပ်တို့ သည် အစားအသောက် ချို့တဲ့ မှုဒဏ်၊ အအေး ဒဏ်ကို ကြံ့ကြံ့ခံရင်း ခရီးထွက်ရာတွင် လိုက်ပါခွင့် ရသည့် လူများ အခန်းကျဉ်းလေးထဲမှာ စောင့်ဆိုင်းနေကြသည် မှာ ရက်အတန် ကြာသည် အထိ အခြေအနေ မထူးလှသေးပေ။ အချို့ကလည်း ရာသီဥတု အခြေအနေ မကောင်းသေးသောကြောင့် ဟု ထင် သည် ။

အချို့ကလည်း ဂျပန်တပ်များ အလစ်ဝင်ရောက် တိုက် ခိုက်မှာ စိုးသဖြင့် အခြေအနေကို ကြည့်ရင်း စောင့်ဆိုင်းနေကြ သည် ဟု ထင်ကြေးပေးသည် ။

ဦးဇန်ကောင်းကို မေးကြည့်တော့ ကျွန်ုပ်တို့ နှင့် အတူ သယ်ဆောင်သွားရမည့် ပစ္စည်းများ စုံလင်စွာ မရောက်သေး သဖြင့် စောင့်နေရသည်

ဟု တိုးတိုးတိတ်တိတ် ပြောပြသည်။

''ဘာပစ္စည်းတွေမို့ ဒီလောက်အရေးတကြီး စောင့်နေရ တာလဲ''

''ငါလည်း သေသေချာချာ မသိဘူး၊ စစ်လက်နက် ပစ္စည်းတွေ ဖြစ်ဖို့ များ တယ်''

''အဲဒါတွေက ကျွန်တော်တို့ ဘယ်အထိ သယ်သွားရမှာ လဲ၊ မြန်မာပြည်အထိ သယ်သွားရမှာ လား''

''မဟုတ်ပါဘူး...အိန္ဒိယရောက်ရင် ဌာနချုပ်တစ်ခုကို သွားပို့ပေးရမှာ ပါ၊ အိန္ဒိယရောက်ရင် ကျုပ်တို့ တာဝန်က ပြီးပါပြီ။အဲဒီကမှ တစ်ဆင့် လေယာဉ်ကြုံ စောင့်ပြီး မြန်မာပြည်ကို ဆက်သွားကြရမှာ ပါ''

ဦးဗန်ကောင်းက သူပြောခွင့်ရှိသမျှကို တိုတိုတုတ်တုတ် ပြောဆိုကာ ကျွန်ုပ်အနီးမှ ထွက်သွားလေသည်။

ညဦးပိုင်း ရောက် လာလေလေ အအေးဒဏ်က ပိုများ လာလေလေ ဖြစ်ရာ ကျွန်ုပ်တို့ နှင့် အတူ လိုက်ပါခွင့်ရမည့် ငမဲ အောင် အမည်ရှိသော ရခိုင်တပ်သားတစ်ယောက်က အနီးသို့ ရောက် လာပြီး ဤသို့ပြောလေသည်။

''ဆရာ...ကျွန်တော်တို့ အတွက် ခွဲတမ်းပေးတုန်းက ချန်ထားတဲ့ ရမ်တစ်လုံး ရှိတယ်၊ ရာသီဥတုက ဒီလောက်အေးလှ တာ...ဖွင့်လိုက်ကြရအောင်''

ဟု အဖော်လာညှိသည်။

''ထားပါဦးကွာ...ဒီမှာ က ဒီလောက်အရေးမကြီး သေးပါဘူး၊ လမ်းရောက်တဲ့ အခါကျရင် ဘယ်လိုသွားပြီး ဘယ်လို စားရမှန်း မသိသေး

ဘူး၊ အဲဒီအတွက် ချန်ထားလိုက်ပါဦး''

ဟု ပြောလိုက်ရသည် ။

ထိုအခိုက်မှာ ပင် နှင်းတောထဲမှ ဖြတ်လျှောက်လာကြ သောခြေသံ ကြားလိုက်ရပြီး ခဏကြာတော့ ပိတ်ထားသော တံခါးတစ်ချပ် ပွင့်သွားပြီး အခန်းသို့ လူနှစ်ယောက် ရောက်လာ သည် ။

အရာခံဗိုလ် 'ကလင့်' ဆိုသူနှင့် တပ်ကြပ်ကြီး စာရေး တစ်ဦးတို့ ဖြစ်ကြသည် ။ နှစ်ယောက်စလုံးမှာ အင်္ဂလိပ်လူမျိုးများ ဖြစ်ကြသည် ။

တပ်ကြပ်ကြီးစာရေးလက်ထဲမှာ စာရွက်တစ်ရွက် ကိုင် ထားပြီး က လင့်လက်ထဲမှာ ဖိုင်တစ်ဖိုင် ပါလာကာ ၎င်း၏ အမူ အယာမှာ လည်း တ က်ကြွသောအမူအယာမျိုး တွေ့ရသဖြင့် တစ်စုံတစ်ခုတော့ ထူးခြားမှု ရှိ လိမ့်မည်ဟု ခန့်မှန်းလိုက်မိသည် ။

ကျွန်ုပ်ထင်သည့် အတိုင်းပင် ကလင့်လက်ထဲမှ ဖိုင်သည် ခရီးထွက် ရာတွင် လိုက်ပါခွင့်ရသည့် အမည်စာရင်းနှင့် ကိုယ်ရေး မှတ်တမ်းများ ဖြစ်ပြီး တပ်ကြပ်ကြီးစာရေးလက်ထဲမှ စာရွက်မှာ ကျွန်ုပ်တို့ ခရီးထွက်ရ န် အမိန့်စာပင် ဖြစ်၏။

''ဘယ်အချိန် ထွက်ကြမှာ လဲ''

''ပေးထားတဲ့ တာဝန်က အထူးတာဝန် ဖြစ်နေတာ ကြောင့် မနက် ကိုးနာရီမှာ စုရပ်ကို အားလုံးရောက်ဖို့ အမိန့်ပါ တယ်''

တပ်ကြပ်ကြီးစာရေးက ပြောပြသည် ။

အရာခံဗိုလ်ကလင့်ကတော့ အရက်များများ သောက် ထားသဖြင့် အခြေအနေ သိပ်မဆိုးလှသော်လည်း အနည်းငယ် တော့ မူးနေဟန်ရှိသ ည် ။

သူက အခန်းတွင်းရှိ လူများကို တစ်ချက်ဝေ့ကြည့်လိုက် ပြီး…

''ဒီအထဲမှာ အိမ်မပြန်ချင်တဲ့ လူများ ရှိသေးလားဟေ့''

ဟု လှမ်းမေးလိုက်သည်။

''သူ့ အမိန့်ပေးမှ ပြန်ရမှာ ကျနေတာပဲ၊ လာပြီး အသား ယူ မေးနေလိုက်တာ''

တစ်ယောက်က ကလင့်ကြားလောက်အောင် တမင် ပြောလိုက်သဖြင့် အခန်းထဲရှိ လူများ ၏ တီးတိုးရယ်သံများ ပေါ် ထွက်လာသည်။

ထိုစကားကို ကြားလိုက်သော်လည်း ကလင့်က အပြုံး မပျက်ဘဲ…

''ကျုပ်က ခင်ဗျားတို့ ကို လမ်းတစ်လျှောက်လုံး တာဝန် ယူပြီး ခေါ်သွားရမှာ ဆိုတော့ ဘာပဲဖြစ်ဖြစ် ကျုပ်ရဲ့ အမိန့်ကိုတော့ လေးစားဖို့ လိုလိမ့်မယ်နော်''

ဟု သတိပေးသလို ပြောလိုက်ပြီး တပ်ကြပ်ကြီးစာရေး ဘက်သို့ လှည့်ကာ…

''ဘယ်နှစ်နာရီမှာ စုရပ်ကို လာရမှာ လဲ''

ဟု မေးလိုက်သည်။

''ကိုးနာရီ ကားတွေ ထွက်မှာ ဆိုတော့ မနက်ရှစ်နာရီ ကျော်ကျော်လောက် စုရပ်ကို ရောက်ရင် ဖြစ်ပါတယ်''

''ကျုပ်လူတွေကို ရှစ်နာရီ တန်းစီခိုင်းပြီး ကိုးနာရီမထိုး ခင် စုရပ်ကို ရောက်အောင်လာခဲ့ပါ့မယ်''

''ဖြစ်ပါတယ်''

တပ်ကြပ်ကြီးစာရေးက ပြန်ပြောသည်။

''မင်းထင်ကျော်''

သူက ကျွန်ုပ်အမည်ကို လှမ်းခေါ်လိုက်သည်။

''ရှိပါတယ် ဆရာ''

ကျွန်ုပ်က မီးဖိုအနီးမှ ထိုင်ရာမထဘဲ အသံပြုလိုက် သည်။ ကျွန်ုပ်က ဆာဂျင်အဆင့်သာ ရှိသော်လည်း ကလင့်မှာ ကျွန်ုပ်တို့ တပ်မှ အရာခံဗိုလ် မဟုတ်သည် က တစ်ကြောင်း၊ အင်္ဂလိပ်လူမျိုးဖြစ်သည့် အပြင် ၎င်း၏ စိတ်နေသဘောထားကို ရွံ့မုန်းသည် က တစ်ကြောင်းကြောင့် ကျွန်ုပ်တို့ တပ်ဖွဲ့တစ်ဖွဲ့လုံး က ၎င်းအား လေးစားရိုသေမှု မရှိကြပေ။

''ဟောဒီစာရွက်ထဲမှာ ပါတဲ့ လူစာရင်းအတိုင်း ရှစ်နာရီ မှာ လူစစ်ပြီး တန်းစီထား၊ ခရီးထွက်ရာမှာ လိုအပ်မယ့်ပစ္စည်း တွေအားလုံး စုံအောင်ယူလာပါစေ၊ ခင်ဗျားတို့ သိအောင် ပြော ရရင်တော့ ခင်ဗျားတို့ အားလုံးဟာ ခွင့်နဲ့ နေရပ်ကို ပြန်ခွင့်ရတယ် ဆိုပေမယ့် အထူးတာဝန်တစ်ခု ပါလာတော့ ဒီတာဝန်ကို ကျုပ်နဲ့ ခရီးထွက်မယ့်လူအားလုံးက ယူကြရမှာ ၊ အပျော်ခရီးထွက်ကြတာ မဟုတ်ဘူး ဆိုတာတော့ အားလုံးသိထားကြဖို့ လိုတယ်၊ မနက် ခုနစ်နာရီမှာ ကျုပ်ကိုယ်တိုင် တန်းစီပြီး လူစစ်မယ်''

ဟု ပြောဆိုကာ လူစာရင်းစာရွက်ကို ကျွန်ုပ်လက်ထဲသို့ ထည့်ပေးရင်း ရဲဘော်တစ်ယောက်ဘက်သို့ လှည့်ကာ...

''ငါ့အိပ်ယာလိပ်နဲ့ ပစ္စည်းတွေကို အဆင်သင့်ပြင်ထား ဟေ့''

ဟု မှာ ကြားကာ အပြင်သို့ ပြန်ထွက်သွားလေတော့ သည်။

ကျွန်ုပ်တို့ တတွေမှာ မိမိတို့ နှင့် အတူ ပါလာသော အထူး တာဝန်ဆိုသည် မှာ မည်သို့သော တာဝန်ဖြစ်မှန်း ကြိုတင်မသိရ သဖြင့် အနည်းင

ယ် စိတ်လေးမိသော်လည်း ဘာပဲဖြစ်ဖြစ် နံနက် လင်းသည် နှင့် မိမိနေရ ပ်သို့ ပြည်တော်ပြန်ခရီး စထွက်ရတော့ မည်မို့ ရင်ထဲမှာ ရွှင်မြူးတက်ကြွနေသည် မှာ အမှန်ပင်ဖြစ်သည် ။

*